positive partnerships

Working together to support school-aged students on the autism spectrum

# Autism နှင့်သက်ဆိုင်ရာ ယုံမှတ်မှုများနှင့် ဖြစ်ရပ်မှန်များ

Burmese - Myths & Facts



**ယုံမှတ်မှုများသည် မိသားစုဝင်များထံမှ တိုက်ရိုက် အဆိုကိုးကားချက်များဖြစ်သည်။**

**ဖြစ်ရပ်မှန်များကို သိပ္ပံနှင့် ဆေးဘက်ဆိုင်ရာ သုတေသနများအပေါ် အခြေပြုထားသည်။**



| ယုံမှတ်မှု | ဖြစ်ရပ်မှန် |
|---|---|
| Autism သည် ကျိန်စာ သို့မဟုတ် ပြစ်ဒဏ်ဖြစ်သည်။ | Autism သည် ကျိန်စာသင့်သောကြောင့် ဖြစ်ရခြင်းမဟုတ်ပါ။ Autism သည် လူငယ်တစ်ဦး၏ ဦးနှောက်တွင် မတူညီမှု တစ်စုံတစ်ရာကြောင့် ဖြစ်ပေါ်သည်။ Autism ရှိသူများသည် ပံ့ပိုးကူညီမှုများဖြင့် တိုးတက်ဖွံ့ဖြိုးလာနိုင်ကြသည်။ |
| Autism သည် ကာကွယ်ဆေးထိုးခြင်းကြောင့် ဖြစ်ပွားသည်။ | သုတေသနပြုချက်များအရ Autism နှင့် ကာကွယ်ဆေးထိုးခြင်း နှစ်ခုကြား ဆက်စပ်မှု မရှိကြောင်းကို တွေ့ရှိခဲ့သည်။ ချိတ်ဆက်မှု ရှိပါသည်ဟု ပြောဆိုသော ဆောင်းပါးများမှာ မှားယွင်းကြောင်းကို သက်သေထူနိုင်ခဲ့ပါသည်။ |
| Autism သည် မိခင် သို့မဟုတ် ဖခင်၏ အပြစ်ဖြစ်သည်။ | လူများ Autistic ဖြစ်ရခြင်းမှာ မျိုးရိုးဗီဇနှင့် ပတ်ဝန်းကျင်အပါအဝင် အကြောင်းရင်းများစွာကြောင့်ဖြစ်ပြီး မိဘက အမှားအယွင်းတစ်ခုခု လုပ်မိခြင်းကြောင့် မဟုတ်ပါ။ |
| Autism သည် ကပ်ရောဂါတစ်ခုဖြစ်သည်။ | Autism သည် ကပ်ရောဂါမဟုတ်ပါ။ သို့သော်လည်း Autism ဖြစ်နေကြောင်းကို တွေ့ရှိရသူဦးရေ တိုးလာနေပါသည်။ မိဘများနှင့် ဆရာဝန်များသည် Autism ကို ပိုမိုသိရှိနားလည်ကြပြီး ၎င်းကို အကဲဖြတ်ဖော်ထုတ်ရန် အခွင့်အရေး ပိုမိုရှိကြသည်။ |
| Autism သည် ဖုန်းနှင့် ကွန်ပျူတာကဲ့သို့သော နည်းပညာများ၏ လွန်ကျူံမှုကြောင့် ဖြစ်ပွားသည်။ | နည်းပညာနှင့် Autism တို့အကြား ဆက်စပ်မှုရှိသည့် အထောက်အထားမရှိပါ။ Autistic ဖြစ်နေကြသူများသည် နည်းပညာများ မပေါ်ပေါက်လာမီကတည်းက ကျွန်ုပ်တို့၏အသိုင်းအဝိုင်းတွင် ရှိနေခဲ့ကြပါသည်။ |

**positivepartnerships.com.au တွင် ကြည့်ပါ**

The Positive Partnerships initiative is funded by the Australian Government Department of Education through the Helping Children with Autism Package. The views expressed in this publication do not necessarily represent the views of the Australian Government or the Australian Government Department of Education.

# Autism နှင့်သက်ဆိုင်ရာ ယုံမှတ်မှုများနှင့် ဖြစ်ရပ်မှန်များ

**ယုံမှတ်မှုများသည် မိသားစုဝင်များထံမှ တိုက်ရိုက် အဆိုကိုးကားချက်များဖြစ်သည်။**

**ဖြစ်ရပ်မှန်များကို သိပ္ပံနှင့် ဆေးဘက်ဆိုင်ရာ သုတေသနများအပေါ် အခြေပြုထားသည်။**



| ❝ ယုံမှတ်မှု | ဖြစ်ရပ်မှန် |
|---|---|
| Autism သည် ဗီတာမင် C သို့မဟုတ် D ချို့တဲ့ခြင်းကြောင့်ဖြစ်ရသည်။ | ဗီတာမင်ချို့တဲ့ခြင်းနှင့် Autism တို့အကြား ဆက်စပ်မှု လုံးဝမရှိပါ။ သင့်ကလေးတွင် ဗီတာမင် C သို့မဟုတ် D ပိုလိုအပ်မည်ဟု စိုးရိမ်ပါက သင့်ဆရာဝန်နှင့် ဆွေးနွေးပါ။ |
| Autistic ဖြစ်နေသူများသည် သူငယ်ချင်းများကို မလိုချင်ပါ။ | Autistic ဖြစ်နေသူများသည် Autistic မဖြစ်နေသူများနှင့် ကွဲပြားခြားနားသော ခင်မင်ရင်းနှီးမှုများ ရှိပေမည်။ ၎င်းတို့တွင် ခင်မင်ရင်းနှီးမှုစွမ်းရည် ဖွံ့ဖြိုးတိုးတက်လာစေရန် ပံ့ပိုးကူညီမှုများ လိုအပ်ပေမည်။ |
| Autistic ဖြစ်နေသူများအားလုံး ဉာဏ်ရည် အလွန်နိမ့်ပါးကြသည်။ | Autistic ဖြစ်နေသူများ၏ ဉာဏ်ရည်ဉာဏ်သွေးသည် ၎င်းတို့၏ အခြားစွမ်းရည်များကဲ့သို့ပင် ကွဲပြားခြားနားသည်။ ၎င်းမှာ Autistic မဖြစ်နေသူများနှင့် အတူတူပင်ဖြစ်သည်။ |
| Autistic ဖြစ်နေသူတိုင်းတွင် အထူးကျွမ်းကျင်မှုများရှိသည်။ | Autistic ဖြစ်နေသူများနှင့် မဖြစ်နေသူများအပါအဝင် လူတိုင်း၌ အားသာချက်များရှိပြီး ပံ့ပိုးကူညီမှုများ လိုအပ်ကြပါသည်။ |
| Autism သည် 'လူတန်းစား'အချို့ အပေါ်သာ အကျိုးသက်ရောက်မှုရှိသည်။ | Autism ကို လူ့အသိုင်းအဝိုင်းပေါင်းစုံအပြင် လူမှုအဖွဲ့အစည်းနှင့် ယဉ်ကျေးမှု ကွဲပြားခြားနားသူအားလုံးတွင် ရှာဖွေတွေ့ရှိရသည်။ |

positive partnerships
Working together to support school-aged students on the autism spectrum



# Autism: Myths and Facts

**The 'Myths' are direct quotes from family members.**

**The 'Facts' are based on science and medical research.**



| Myth | Fact |
|---|---|
| Autism is a curse or punishment | Autism is not caused by a curse. Autism is a difference in a young person's brain. People who are autistic can progress and develop with support and help. |
| Autism is caused by vaccinations | Research studies have found no link between autism and vaccinations. Articles claiming there is a link have been proven wrong. |
| Autism is the fault of the mother or father | People are autistic due to multiple factors including genes and the environment, not because a parent has done something wrong. |
| Autism is an epidemic | Autism is not an epidemic, however the number of people being diagnosed with autism is increasing. Parents and doctors are more aware of autism and have more access to assessments for autism. |
| Autism is caused by too much technology such as phones and computers | There is no evidence that there is a link between technology and autism. Autistic people were part of our communities before technology existed. |

Go to **positivepartnerships.com.au**

The Positive Partnerships initiative is funded by the Australian Government Department of Education through the Helping Children with Autism Package. The views expressed in this publication do not necessarily represent the views of the Australian Government or the Australian Government Department of Education.

# Autism: Myths and Facts

**The 'Myths' are direct quotes from family members.**

**The 'Facts' are based on science and medical research.**



| Myth | Fact |
| --- | --- |
| Autism is caused by a lack of Vitamin C or D | There is no link between a lack of vitamins and autism. If you are worried your child needs more vitamin c or d, talk to your doctor. |
| Autistic people don't want friends | Autistic people may have friendships that look different to people who are not autistic. They may need support to develop friendship skills |
| Autistic people all have very low intelligence (IQ) | The intellectual ability of autistic people varies as does their other abilities. This is the same for people who are not autistic. |
| All autistic people have special skills | Everyone has strengths and support needs, including autistic people and those who are not autistic. |
| Autism affects only a certain 'class' of people | Autism is diagnosed in people from all parts of society and across all cultures and communities. |